အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

**မြန်မာ့တပ်မတော်မှ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်၏ဆေးမှူး အမျိုးသမီး(၆)ဦးအား အစုလိုက်အပြုံလိုက် လူသားမဆန်စွာ သတ်ဖြတ်ခြင်းအပေါ် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ သဘောထားထုတ်ပြန်ချက်**

**ရက်စွဲ။ ။ ၂၀၁၈ခုနှစ် ဇူလိုင်လ ၂၇ ရက်။**

၂၀၁၈ ခုနှစ် ဇူလိုင်လ (၁၁) ရက်နေ့တွင် မြန်မာ့တပ်မတော် တပ်မ (၈၈) လက်အောက်ခံ ခြေလျင်တပ်ရင်း ၃၀၁ မှ နမ့်ခမ်းမြို့နယ် အွယ်လောကျေးရွာနှင့် မန်တုံမြို့နယ် မိုင်းမောကြား လမ်းခုလတ်တနေရာတွင် တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်၏ ဆေးမှူး အမျိုးသမီး (၆) ဦးအား ဖမ်းဆီးပြီး ညှဉ်းပန်း နှိပ်စက်ခြင်း နှင့် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ပြီး မြှုပ်နှံထားခဲ့သည့် ရုပ်အလောင်းများကို ၂၀၁၈ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ပြန်လည်တူးဖော် တွေ့ရှိရသည်။ ထိုသို့ လူသားမဆန် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူမဆန်စွာ သတ်ဖြတ်ခဲ့သည့် တပ်မတော်၏ လုပ်ရပ်အပေါ် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ကန့်ကွက်ရှုံ့ချလိုက်သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)အနေဖြင့် မည်သည့် အကြမ်းဖက်မှုမျိုးမဆို လုံးဝလက်မခံသည့် ပေါ်လစီ (Zero Tolerence Policy) ကို လက်ခံကျင့်သုံးသည်။ မည်သည့်အခြေအနေမျိုးတွင်မဆို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အားလုံးကို ဆိုလိုပြီး မည်သည့် အကြမ်းဖက်မှုမျိုးမဆို အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) မှ လုံးဝ လက်သင့်မခံပဲ ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချသည်။ ထို့ကြောင့် မည်သည့် အမျိုးသမီးကိုမဆို အကြမ်းဖက်မှု၊ မုဒိမ်းမှုများ ကျူးလွန်ပါက ကျူးလွန်သည့်သူတိုင်းကို မိမိတို့မှ ဆန့်ကျင်ရှုံ့ချပြီး သက်ဆိုင်ရာအစိုးရအာဏာပိုင်များမှလည်း ထိထိ ရောက်ရောက် အရေးယူပေးရန် တောင်းဆိုသည်။

ယခုလက်ရှိအချိန်တွင် ငြိမ်းချမ်းရေး တည်ဆောက်နေ သည့်ကာလဖြစ်ပြီး တတိယအကြိမ် ၂၁-ရာစု ပင်လုံညီလာခံကို ကျင်းပနေသည့်အချိန်တွင် ဤကဲ့သို့ မုဒိမ်းမှု၊ လူသားမဆန် သတ်ဖြတ်မှုများ ပြုလုပ်ခြင်း သည် ငြိမ်းချမ်းရေး အကောင်အထည်ဖော်နေမှုများကို နှောင့်နှေးစေသည့်အပြင် တိုင်းရင်းသား လူမျိုးများ၏ ယုံကြည်မှုများလည်း ပျက်ပြယ်စေသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ထုတ်ပြန်ချက်တွင် ထိုအမျိုး သမီးဆေးမှူး (၆) ဦးသည် စစ်ပွဲတွင်ထိခိုက်ဒဏ်ရာရသည်ဟုပြောဆိုရေးသားခဲ့ခြင်းသည် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းမှ စုံစမ်းစစ်ဆေးအရေးယူမှုများပြုလုပ်ရမည့်တာဝန်ပျက်ကွက်ခြင်းနှင့်၊ လူမဆန်စွာ အသတ်ခံခဲ့ရသည့်အမျိုးသမီး (၆) ဦး ၏ တရားဥပဒေအကာအကွယ်ရပိုင်ခွင့်ကိုမျက် ကွယ်ပြုခြင်းဖြစ်ကြောင်း မိမိတို့အဖွဲ့ချုပ်အနေဖြင့် ထောက်ပြလိုပါသည်။

Geneva Convention အရ တိုက်ပွဲများတွင် မပါဝင်သောပြည်သူများ၊ စစ် ဆက်မတိုက်သော သူများ၊ ဖမ်းမိသော စစ်သားများ (သို့) စစ်သုံ့ပန်းများကို သတ်ဖြတ်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း မပြုလုပ်ရဟု တိတိကျကျ

အပိုဒ်(၃)တွင် ဖော်ပြထားသည်။ ထို့အပြင် ကုလသမဂ္ဂ လုံခြုံ ရေး ကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅ ) အပိုင်း (၁၁) ကို လည်း ချိုးဖောက် နေသည် ။ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ် (၁၃၂၅ ) အပိုင်း (၁၁) အရ အမျိုးသမီးများနှင့် ကလေးများအား လိင်အခြေပြု အဓမ္မပြု ကျင့်မှု အပါအဝင် စစ်ပွဲအတွင်းပြစ်မှုကျူးလွန်မှုများ၊လူမဆန်စွာကျူးလွန်သည့် ပြစ်မှုများ၊ လူမျိုးသုန်း အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခြင်း များအတွက် အပြစ်ပေးအရေးယူရန်ဟုဖော်ပြထားသည်။ သို့သော် တပ်မတော်သည် ပြစ်မှုများကို ကင်းလွတ်ခွင့်ဖြင့် စစ်ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်နေလျက်ရှိသည်။ အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ ထိုသို့ ကျူးလွန်နေ သည့်အပေါ် နိုင်ငံတကာမှ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နိုင်ငံတကာ အစိုးရများမှလည်း တပ်မတော်အား အရေးယူပေးရန် တောင်းဆိုသည်။

**အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)**

**ဆက်သွယ်ရန်**


နော်ဆဲဆဲ + ၉၅ ၉ ၇၈၁၈၇၃၇၀၄ တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)

လွေးချယ်ရီ + ၉၅ ၉ ၂၅၅၈၁၇၀၉ ၂ မူဝါဒရေးရာဦးဆောင်အဖွဲ့